လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနမှ တင်ပြသည်။

တည်နေရာပြ မြေပုံ






ဩဂုတ်လ
၄၊ ၅၊ ၆ ရက်နေ့၊
၂၀၂၂ခုနှစ်။

# စစ်ကိုင်းတိုင်း၊ အရာတော်မြို့၊ မင်းရွာကျေးရွာ အတွင်း အကြမ်းဖက်ခံရသည့်ဖြစ်စဉ်။

# ပြစ်မှုကျူးလွန်သူ

အနောက်မြောက်တိုင်းစစ်ဌာနချုပ်(နမခ)
လက်အောက်ခံတပ်များ
ခမရ (၁၁)၊ ခမရ (၁၂)၊ ခမရ (၁၃)

## ကျူးလွန်ခံရသူများ

### အတည်ပြုနိုင်ခဲ့သော ဖမ်းဆီးခံရသူများ

၁. ကိုမျိုးထွန်းနိုင် (၃၇ နှစ်)
၂. ကိုဘုန်းမြင့်ဦး (၃၂ နှစ်)




### အတည်ပြုနိုင်ခဲ့သော သေဆုံးသူများ

၁. ဒေါ်ရှင် (၈၀ နှစ်)
၂. ကိုဖိုးထူး (၃၂ နှစ်)




## ပြည်သူပိုင်ပစ္စည်းပျက်စီးဆုံးရှုံးမှု

ကျေးရွာအတွင်းရှိ အိမ်များကို မွှေနှောက်ဖျက်ဆီးခဲ့သည်။
မီးရှို့မှုကြောင့် အိမ်ခြေ(၄၀၀)ကျော် ပျက်စီးခဲ့သည်။



# ဖြစ်စဉ်

## ဖြစ်စဉ်အကျဉ်းချုပ်

(၂၀၂၂) ခုနှစ်၊ ဩဂုတ်လ (၄)ရက်နေ့တွင် စစ်ကောင်စီတပ်များ ဝင်ရောက်လာပြီး ကျေးရွာအတွင်းရှိ ရွာသားများကို ဖမ်းဆီးနှိပ်စက်ကာ၊ ဓားစာခံများအဖြစ်လည်း ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြသည်။ ထို့အပြင် ကျေးရွာအတွင်း၌ မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။

### ဩဂုတ် ၄၊ ၂၀၂၂။ — နံနက် ၁၀နာရီ။

အကြမ်းဖက်စစ်ကောင်စီတပ်များသည် မြင်းမူမြို့နယ်၊ ရသာကျေးရွာမှတဆင့် အင်အား (၆၀)ခန့်ဖြင့် မင်းရွာကျေးရွာကို ဝင်ရောက် စီးနင်းခဲ့သည်။
ဘုန်းကြီးကျောင်းအတွင်း တိမ်းရှောင်နေသည့် ရွာသား (၂၅၀) နီးပါး ကို ဖမ်းဆီးနှိပ်စက်ခဲ့သည်။

### နေ့လည် ၁၂နာရီ။

ဦးမျိုးထွန်းနိုင် (၃၇နှစ်) (CDM အထက်တန်းပြဆရာ)၊ ကိုဘုန်းမြင့်ဦး (၃၂နှစ်) ( CDM ကျူတာဆရာ)၊ ကိုဘုန်းမြင့်ဦး၏ ညီနှင့် အခြား မင်းရွာသား (၂)ဦးအပါအဝင် စုစုပေါင်း (၅)ဦးကို စစ်ကောင်စီက ဓားစာခံအဖြစ် ဖမ်းဆီးသွားသည်။
ဒေသခံကာကွယ်ရေးတပ်များနှင့် တိုက်ပွဲဖြစ်ပွားပြီး ဓားစာခံ (၅)ဦး လွတ်မြောက်ခဲ့သည်။

### ဩဂုတ် ၅၊ ၂၀၂၂။ — နေ့လည် ၂နာရီ။

စစ်ကောင်စီဘက်မှကျဆုံးခဲ့သည့် (၁၅)ဦးကို ဦးဘိုနီ (၇၀နှစ်)၏ အိမ်နှင့် နွားစာတိုက်ထဲတွင် မီးရှို့ခဲ့သည်။

### ညနေ ၆နာရီ။

စစ်ကောင်စီတပ်များသည် မင်းရွာကျေးရွာကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။ ထို့အပြင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်(နမခ)မှ Mi-35 တိုက်ခိုက်ရေး ရဟတ်ယာဉ်ဖြင့် ပစ်ခတ်ခဲ့သည်။

### ဩဂုတ် ၆၊ ၂၀၂၂။ — နံနက် ၆နာရီ။

မင်းရွာ မြောက်ပိုင်းမှ စတင်၍ စစ်ကောင်စီတပ်များသည် နေအိမ်များကို မီးရှို့ခဲ့သည်။ မီးရှို့မှုကြောင့် အိမ်ခြေ(၄၀၀)ကျော် ပျက်စီးခဲ့သည်။ ဒေါ်ရှင် (၈၀နှစ်)သည်လည်း နေအိမ်ထဲတွင် မီးလောင်သေဆုံးခဲ့သည်။

### နံနက် ၉နာရီ။

ရွာအတွင်း မီးလောင်နေသည်ကို ငြိမ်းသက်ရန်အတွက် ပြန်လည်လာသည့် ကိုဖိုးထူး (၃၂နှစ်)သည် ကင်းပုန်းဝပ်နေသည့် စစ်ကောင်စီတပ်က ပစ်ခတ်ခဲ့၍ သေဆုံးခဲ့သည်။

## ဖမ်းဆီးခံရသူများ

| စဉ် | အမည် | လိင် | အသက် | အိမ်ထောင် | မိသားစု | နေရပ် |
|---|---|---|---|---|---|---|
| ၁ | ကိုမျိုးထွန်းနိုင် | ကျား | ၃၇ | - | - | မင်းရွာ |
| ၂ | ကိုဘုန်းမြင့်ဦး | ကျား | ၃၂ | - | - | မင်းရွာ |
| ၃ | အမည်မသိ | ကျား | - | - | ကိုဘုန်းမြင့်ဦး၏ ညီ | မင်းရွာ |
| ၄ | အမည်မသိ | ကျား | - | - | - | မင်းရွာ |
| ၅ | အမည်မသိ | ကျား | - | - | - | မင်းရွာ |

## သေဆုံးသူများ

| စဉ် | အမည် | လိင် | အသက် | အိမ်ထောင် | မိသားစု | နေရပ် |
|---|---|---|---|---|---|---|
| ၁ | ဒေါ်ရှင် | မ | ၈၀ | - | - | မင်းရွာ |
| ၂ | ကိုဖိုးထူး | ကျား | ၃၂ | - | - | မင်းရွာ |



စစ်ကိုင်းတိုင်း၊ အရာတော်မြို့၊ မင်းရွာကျေးရွာ အတွင်း အကြမ်းဖက်ခံရသည့်ဖြစ်စဉ်။

# ဓာတ်ပုံ



ပုံ(၁) – အသက်(၈၀)အရွယ် ဒေါ်ရှင် မီးလောင် သေဆုံးထားသည်ကို တွေ့ရပုံ။



ပုံ(၂) – မင်းရွာ ကျေးရွာ မီးရှို့ခံထားရသည်ကို အဝေးမှ မြင်ရပုံ။



ပုံ(၃) – မင်းရွာ ကျေးရွာ အတွင်းရှိ အိမ်များ မီးရှို့ခံထားရပုံ။

# ဓာတ်ပုံ




ပုံ(၄) – သေဆုံးခဲ့သည့် စစ်ကောင်စီတပ်သားများကို ၎င်းတို့ကိုယ်တိုင် မီးရှို့ထားခဲ့သည့်ပုံ။



ပုံ(၆) – အကြမ်းဖက်စစ်ကောင်စီက မီးရှို့ထားခဲ့သည့် ဆိုင်ကယ်။




ပုံ(၅) – မင်းရွာ ကျေးရွာ အတွင်းရှိ မီးရှို့ခံထားရသည့် နေရာတစ်နေရာ